The Salvation Army Employment Plus

Parent Pathways
An Australian Government Initiative



# သင့်ခရီးစဉ်၊ သင့်စိတ်ကြိုက်

## နောက်တစ်ဆင့် တက်လှမ်းဖို့ အသင့်ဖြစ်နေပြီး ဘယ်ကစရမှန်းမသိ ဖြစ်နေပါသလား။ သင့်ကို ကျွန်ုပ်တို့ ကူညီပေးနိုင်ပါသည်။

မျက်စိတစ်မှိတ်အတွင်း ဤသို့ဖြစ်ပျက်သွားတတ်ပါသည်— တစ်ချိန်တုန်းက သင့်ကလေးများကို သင်အချိန်ပြည့် ကြည့်ရှုထိန်းကျောင်းနေခဲ့ရသော်လည်း သင်သတိမထားမိခင်မှာပင် သူတို့သည် ကျောင်းနေအရွယ် ဖြစ်သွားကြလေပြီ။ မိဘအဖြစ် အချိန်ပေး၍ ပြုစုပျိုးထောင်နေရခြင်းက သင်၏ ရှင်သန်ရပ်တည်မှု နည်းလမ်းများ၊ အချိန်စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းရေးစွမ်းရည်များကို ထက်မြက်စေသော်လည်း သင်ရှေ့ဆက်လုပ်ရမည့် အဆင့်များကို ဆုံးဖြတ်ရမည့်အချိန် ရောက်လာသောအခါ လုပ်ငန်းခွင်ပြင်ပတွင် သင်ရှိနေခဲ့သည့် အချိန်များကြောင့် စိုးရိမ်စိတ် အနည်းငယ် ဝင်လာနိုင်ပါသည်။

အရည်အချင်းပြည့်ဝသော လမ်းညွှန်ပေးသူတစ်ဦး၏ အကူအညီဖြင့် သင်၏ ကိုယ်ရေးကိုယ်တာ၊ ပညာရေး သို့မဟုတ် အလုပ်အကိုင် ရည်မှန်းချက်များအတွက် ပြောင်းလွယ်ပြင်လွယ်သည့် ပံ့ပိုးမှုကို သင်ရယူနိုင်ပါသည်။



# ပန်းတိုင်သို့ သင်ရောက်ရှိရန် ကျွန်ုပ်တို့ကူညီနိုင်ပါသည်

## Parent Pathways ဆိုသည်မှာ အဘယ်နည်း။

Parent Pathways ဆိုသည်မှာ မိမိသဘောဆန္ဒအလျောက် ရယူနိုင်သော ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ၎င်းသည် ကလေးငယ်များ၏ သတ်မှတ်ချက်ပြည့်မီသော မိဘများနှင့် စောင့်ရှောက်သူများအတွက် သူတို့၏ ဘဝခရီးလမ်းတွင် ရှေ့ဆက်လုပ်သင့်သည့်အရာကို ရှာဖွေတွေ့ရှိနိုင်အောင် ကူညီပေးရန် တစ်ဦးချင်းသီးသန့် ပံ့ပိုးမှုနှင့် ငွေရေးကြေးရေး ပံ့ပိုးမှုတို့ကို ကမ်းလှမ်းပေးပါသည်။

ဤအစီအစဉ်သည် သင်တန်းတက်ရန် သို့မဟုတ် ပညာသင်ကြားရန် သို့မဟုတ် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ရန် စသည့် ရှေ့ဆက်လှမ်းမည့် ခြေလှမ်းကို စဉ်းစားနေသော မိဘများ၏ တစ်ဦးချင်း လိုအပ်ချက်များအပေါ် အဓိကအာရုံစိုက်ပါသည်။ အရည်အချင်းပြည့်ဝသော လမ်းညွှန်ပေးသူတစ်ဦး၏ အကူအညီဖြင့် သတ်မှတ်ချက်ပြည့်မီသော မိဘများနှင့် စောင့်ရှောက်သူများသည် သူတို့၏ ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်၊ ထိုအရာတို့ကို မိသားစုတာဝန်များနှင့် ဟန်ချက်ညီအောင်ထိန်းရန် ပြောင်းလွယ်ပြင်လွယ်သည့် အထောက်အပံ့များကို ရယူနိုင်ပါသည်။

## မည်သူတို့ သတ်မှတ်ချက်ပြည့်မီသနည်း။

ဤဝန်ဆောင်မှုသည် အောက်ပါတို့နှင့်ကိုက်ညီသော မိဘများနှင့် စောင့်ရှောက်သူများအတွက် ဖြစ်ပါသည်-

- အသက် ၆ နှစ်အောက် ကလေးရှိသူ
- ဝင်ငွေရသော အလုပ်အကိုင်မရှိသူ
- အစွန်အဖျားမဟုတ်သော ဒေသတွင် နေထိုင်သူ


အောက်ဖော်ပြပါ ထောက်ပံ့ကြေးများထဲမှ တစ်ခုခုကို လက်ခံရရှိနေသူ-

- မိဘအုပ်ထိန်းမှု ထောက်ပံ့ကြေး (Parenting Payment)
- စောင့်ရှောက်သူ ထောက်ပံ့ကြေး (Carer Payment)
- အထူးအကျိုးခံစားခွင့် (Special Benefit)

Centrelink ထံမှ ထောက်ပံ့ကြေးမရသော်လည်း အောက်ပါတို့နှင့် ကိုက်ညီလျှင် သတ်မှတ်ချက်ပြည့်မီသည်-

- အသက် ၂၂ နှစ်အောက်ဖြစ်သူ
- ကျောင်းစောစီးစွာထွက်ခဲ့သူ (၁၂ တန်း ပညာအရည်အချင်း မရှိသော မိဘများ)
- ရှေးဦးတိုင်းရင်းသား (First Nations) မိဘ သို့မဟုတ် စောင့်ရှောက်သူ

**အစီအစဉ်တွင် ပါဝင်နေသော မိဘများနှင့် စောင့်ရှောက်သူများသည် မိမိတို့စိတ်ကြိုက် အချိန်မရွေး အစီအစဉ်မှ ထွက်ခွာရန်၊ ခေတ္တရပ်နားရန် သို့မဟုတ် ပြန်လည်ဝင်ရောက်ရန် ရွေးချယ်ခွင့်ရှိပါသည်။**



# ကျွန်ုပ်တို့ ကူညီပေးပုံ

## Parent Pathways ဝန်ဆောင်မှုက သင့်ကို ကူညီပေးသည့် နည်းလမ်းများထဲမှ တချို့မှာ-

- ပညာရေးနှင့် အလုပ်အကိုင် ရည်မှန်းချက်များ ချမှတ်ပေးခြင်း
- ဆောင်ရွက်ရန် အစီအစဉ်တစ်ခု ရေးဆွဲပေးခြင်း
- ကျွမ်းကျင်မှုဆိုင်ရာ ကွာဟချက်များကို ဖြည့်ဆည်းပေးခြင်း
- မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ပေးခြင်း
- အလုပ်နှင့် မိဘအုပ်ထိန်းမှုကို ဟန်ချက်ညီအောင် ဆောင်ရွက်ပေးခြင်း
- ဒေသတွင်း ဝန်ဆောင်မှုများနှင့် လှုပ်ရှားမှုများကို ရယူနိုင်အောင် ကူညီပေးခြင်း

မိဘများ သို့မဟုတ် စောင့်ရှောက်သူများသည် သူတို့၏ Employment Plus မှ လမ်းညွှန်ပေးသူနှင့် ပုံမှန်တွေ့ဆုံရပါမည်။ အလုပ်အကိုင် သို့မဟုတ် ထပ်ဆင့်ပညာရေးအတွက် လှုပ်ရှားမှုများကို သင်ပြီးမြောက်စေရန် သင်နှင့်အတူ ခရီးတစ်လျှောက်လုံး ကျွန်ုပ်တို့ ရှိနေပါမည်။ ကျွန်ုပ်တို့သည် သင့်လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လမ်းညွှန်ရန်၊ ပံ့ပိုးရန်နှင့် သင့်စိုးရိမ်မှုများကို ဖြေရှင်းပေးရန် အမြဲအသင့်ရှိနေပါမည်။

## ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ-

- ဘာသာစကားနှင့် စာတတ်မြောက်ရေး အစီအစဉ်များ
- အလုပ်အကိုင်ပိုင်း လမ်းညွှန်မှု
- ကလေးစောင့်ရှောက်မှု ရှာဖွေနေရာချထားရေး အကူအညီ
- သင်တန်းအတွက် ငွေရေးကြေးရေး ပံ့ပိုးမှု
- မိသားစုဆိုင်ရာ ဝန်ဆောင်မှုများသို့ ချိတ်ဆက်ညွှန်းဆိုပေးခြင်း
- သင်တန်းတိုများနှင့် လေ့ကျင့်ရေး အစီအစဉ်တိုများ

ထို့ပြင် အစီအစဉ်တွင် ပါဝင်သူများသည် ကယ်တင်ခြင်းတပ် The Salvation Army က ကမ်းလှမ်းပေးသည့် ပံ့ပိုးရေး အစီအစဉ်မျိုးစုံနှင့် ဝန်ဆောင်မှုမျိုးစုံကိုလည်း ရယူနိုင်ပါသည်။ ဥပမာ- Moneycare (ငွေရေးကြေးရေး အကြံပေးဆွေးနွေးခြင်း)၊ အရက်နှင့် မူးယစ်ဆေးဖြတ်ခြင်းဆိုင်ရာ ပံ့ပိုးမှုနှင့် အခြားအရာများစွာတို့ ဖြစ်သည်။ ဤသည်မှာ Employment Plus နှင့် လက်တွဲလုပ်ဆောင်ခြင်း၏ နောက်ထပ်အကျိုးကျေးဇူးတစ်ခုပင် ဖြစ်ပါသည်။

## ထိတွေ့ပါဝင်မှုအတွက် ဘောက်ချာများ

Parent Pathways အစီအစဉ်တွင် သင်ထိတွေ့ပါဝင်သည့်အခါ လူကိုယ်တိုင် ချိန်းဆိုတွေ့ဆုံမှုများသို့ တက်ရောက်ပြီးနောက်တွင် Employment Plus က ထိတွေ့ပါဝင်မှုအတွက် အထောက်အပံ့ ဘောက်ချာများကို ယခုအခါ ပေးအပ်လျက်ရှိပါသည်။ ထိတွေ့ပါဝင်မှုအတွက် အထောက်အပံ့ ဘောက်ချာများကို မြင့်တက်လာသော စက်သုံးဆီ၊ စားသောက်ကုန်နှင့် အဝတ်အထည် ကုန်ကျစရိတ်များကို ကူညီထောက်ပံ့ရန် ရည်ရွယ်ပါသည်။ သင်နှင့် ချိန်းဆိုတွေ့ဆုံသည့်အခါတွင် သင်၏ ကိုယ်ပိုင်ဦးစားပေးမှုများနှင့် သင့်အတွက် အကျိုးအရှိဆုံးဖြစ်မည့် ဘောက်ချာအမျိုးအစားကို ကျွန်ုပ်တို့ အတူတကွ ဆွေးနွေးသွားမည်ဖြစ်ပါသည်။

| ကနဦး ထိတွေ့ပါဝင်ပါဝင်မှုအတွက် အထောက်အပံ့-$၁၀၀ ဘောက်ချာ | စဉ်ဆက်မပြတ် ထိတွေ့ပါဝင်မှုအတွက် အထောက်အပံ့-$၅၀ ဘောက်ချာ |
|---|---|
| ကနဦး လူကိုယ်တိုင် ချိန်းဆိုတွေ့ဆုံမှုသို့ တက်ရောက်ပြီးနောက် အစီအစဉ်တွင် စတင်ပါဝင်လာသော ပါဝင်သူအသစ်များကို ပေးသည်။ | ပုံမှန်ပြုလုပ်သော လူကိုယ်တိုင် ချိန်းဆိုတွေ့ဆုံမှုများသို့ တက်ရောက်သည့် အစီအစဉ်တွင် လက်ရှိပါဝင်နေသူများကို ပေးသည်။ |
| ပါဝင်သူတစ်ဦးလျှင် ထိတွေ့ပါဝင်မှုအတွက် အထောက်အပံ့ ဘောက်ချာ $၂၅၀ အထိ ရရှိနိုင်ပါသည်။ | |

**ပိုမိုသိရှိလိုပါက သင်၏ Employment Plus မှ လမ်းညွှန်ပေးသူကို မေးမြန်းပါ သို့မဟုတ် ၁၃၆ ၁၂၃ မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။**

The Salvation Army Employment Plus

Parent Pathways
An Australian Government Initiative

# ကျွန်ုပ်တို့အကြောင်း

သြစတြေးလျနိုင်ငံ၏ အကြီးမားဆုံး အလုပ်အကိုင် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများထဲမှ တစ်ခုအနေဖြင့် ကယ်တင်ခြင်းတပ် The Salvation Army ၏ Employment Plus သည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို ချိတ်ဆက်ပေးနေသည်မှာ နှစ်ပေါင်း ၂၀ ကျော်လာပါပြီ။ စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းပေါင်း ၂၀၀,၀၀၀ ကျော်တွင် လူဦးရေငါးသိန်းကျော်ကို အလုပ်အကိုင်နေရာများ ချထားပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် အလုပ်ရှာဖွေသူများကို အဓိပ္ပာယ်ပြည့်ဝသော အလုပ်အကိုင်များ ရှာတွေ့နိုင်အောင် ကူညီပေးရန် အထူးပြုသင်တန်းများနှင့် ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများစွာကို ထောက်ပံ့ပေးပါသည်။

ကျွန်ုပ်တို့သည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သောကြောင့် ရရှိလာသော ပိုလျှံငွေမှန်သမျှကို ကယ်တင်ခြင်းတပ် (The Salvation Army ၏ လူမှုရေးအစီအစဉ်များတွင် ပြန်လည်ထည့်ဝင်အသုံးပြုပြီး အိမ်ရာမဲ့များ၊ ဘေးအန္တရာယ်သင့် ပြည်သူများနှင့် အကူအညီလိုအပ်နေသူတိုင်းအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပံ့ပိုးပေးပါသည်။

ကျွန်ုပ်တို့၏ ရုံးခွဲတည်နေရာများ သို့မဟုတ် အချက်အလက်များအကြောင်း ပိုမိုသိရှိလိုပါက ဝင်ရောက်ကြည့်ရှုရန်-

**www.employmentplus.com.au/job-seeker-programs/parent-pathways**

ယခုအခါ Parent Pathways အစီအစဉ်ကို ဤပြည်နယ်များရှိ **နေရာပေါင်း ၅၄ ခု** တွင် ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေပါသည်-



နယူးဆောက်ဝေး


တောင်သြစတြေးလျ


ဗစ်တိုးရီးယား

*လူမှုအသိုင်းအဝိုင်းနှင့် ဆက်နွယ်မှုက Zona Kelly ၏ အနုပညာလက်ရာတွင် အဓိက အချက်အချာဖြစ်ပြီး သူ၏ Gumbangeri နှင့် Worimi မျိုးနွယ်စု အမွေအနှစ်ကို ထင်ဟပ်ဖော်ပြပါသည်။*

*အာမီဒေးလ် (Armidale)၊ NSW မှ တိုင်းရင်းသူ အနုပညာရှင် Zona Kelly။*



## အကူအညီ လိုပါသလား။

## ကျွန်ုပ်တို့ ကူညီပေးဖို့ အသင့်ပါပဲ။

☎ 136 123

www.employmentplus.com.au

ISAL11779